ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
အမိန့်ကြော်ငြာစာအမှတ် ( ၄၂ / ၂၀၁၆ )
၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် )

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ - ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ပသို့ တင်ပို့ခွင့် မပြုသောပစ္စည်းများမှ ဖြေလျှော့တင်ပို့ခွင့်ပြုမည့် ကုန်စည် ပြင်ဆင်သတ်မှတ်သည့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

ပြည်ပသို့ တင်ပို့ခွင့် မပြုသောပစ္စည်းများမှ ဖြေလျှော့တင်ပို့ခွင့်ပြုမည့် ကုန်စည်
ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာ

၁။ ပို့ကုန်သွင်းကုန်ဥပဒေအရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ပြည်ပသို့ တင်ပို့ခွင့် မပြုသော ကုန်ပစ္စည်းများအနက် အောက်ဖော်ပြပါ ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ခွင့်မပြုသော ပစ္စည်းများအဖြစ်မှ ဖြေလျှော့ပြီး ပြည်ပသို့တင်ပို့ခွင့်ပြုလိုက်သည် -

ဖြေလျှော့ တင်ပို့ခွင့်ပြုမည့် ကုန်စည်

(က) ပန်းနှမ်းဆီ၊
(ခ) မုန်ညင်းစေ့၊ မုန်ညင်းဆီ၊
(ဂ) နေကြာစေ့၊ နေကြာဆီ၊
(ဃ) ဆီကြိတ်ဖတ်အားလုံး၊
(င) ပုစွန်ဖွဲ၊

၂။ ပြည်ပသို့ တင်ပို့ခွင့်မပြုသော ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက် လိုအပ်ချက် အခြေအနေများအပေါ် မူတည်ပြီး အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသင့်သည်များကို ပြင်ဆင် ဆောင်ရွက်ခွင့်ပြုမည် ဖြစ်ပါသည်။

( ပုံ ) ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ စက-၁၁/၂-၁၈/၂၀၁၆ (၁၂)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
( ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

(signature) 15/8

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်